မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

April 26 , 2023 Volume 65, Number 12

၂၆.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၉၈၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၉.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၉.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၆.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၉၅ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## နှမ်းစပါးအများစုပေါ်ချိန် ဆန်စပါးဈေးနှုန်း ထပ်မံမြင့်တက်ပြီး ဈေးကောင်းလျက်ရှိသော်လည်း ကုန်ကျစရိတ်နှင့်အထွက်နှုန်း ကျဆင်းမှုကြောင့် နွေစပါးစိုက်တောင်သူများ အကျိုးအမြတ်ရရှိမှုနည်းပါး

ပြည်တွင်း၌ နွေစပါးအများစုပေါ်ချိန် ဧပြီလကုန်ဝန်းကျင်တွင် ဆန်စပါးဈေးများ ထပ်မံမြင့်တက်ကာ ဈေးကောင်းလျက်ရှိသော်လည်း ကုန်ကျစရိတ်နှင့်နွေစပါး အထွက်နှုန်းကျဆင်းမှုများကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါးနေသေးကြောင်း နွေစပါးစိုက်တောင်သူများနှင့် ဆန်စပါးပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

သင်္ကြန်ပြီးနောက်ပိုင်း ဆန်စပါးဈေး မြင့်တက်လာသည့်အခြေအနေနှင့် ပတ်သက်ပြီး "သင်္ကြန်ကာလမတိုင်ခင်ကထက် အခုက ဈေးပိုကောင်းလာတာ ဟုတ်ပါတယ်။ ဘာကြောင့်တက်တယ်ဆိုတာတော့ ကျွန်တော်တို့လည်းမသိဘူး။ ရန်ကုန်ဘုရင့်နောင်ပွဲရုံတွေနဲ့ ဝါးတန်းဘက်မှာတော့ တက်တယ်ပြောတာပဲ။ သုခဆန်ဆိုရင် တစ်အိတ်ကို ၆၀၀၀၀ ကနေ ၆၁၀၀၀ ပေါ့။ ဒါက ဆန်အနိမ့်ထဲကပေါ့။ အခြားအစတွေဆိုရင် ၆၃၀၀၀၊ ၆၅၀၀၀ အဲဒီလို အစားစားရှိတယ်။ ပေါ်ဆန်းဆိုရင် ကျွန်တော်တို့ မြောင်းမြထွက်တဲ့ပေါ်ဆန်းပေါ့။ အခုဆိုရင် ဆန်တစ်အိတ်ကို ကျပ် ၇၃၀၀၀၊ ၇၅၀၀၀ အဲဒီလောက်ရှိတယ်။ ရွှေဘိုပေါ်ဆန်း ဘေးကြားကတော့ တစ်အိတ်ကို ကျပ် ၁၀၀၀၀၀ ဝန်းကျင်လောက်အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုက နယ်တွေမှာလည်း ဆန်စပါးပွဲစားတွေ တအားများနေတယ်။ ဝယ်လိုအားများနေတာပေါ့။ နိုင်ငံခြား Export အတွက်လား။ ရန်ကုန်အတွက်ပဲလား။ လှောင်ထားဖို့အတွက်လားတော့ ကျွန်တော်တို့လည်းမသိဘူး။ ကျွန်တော်တို့ကတော့ ရန်ကုန်ဘုရင့်နောင်ပွဲရုံတွေနဲ့ပဲ အရောင်းအဝယ်လုပ်ပါတယ်။ တခြားတော့ မရောင်းဖြစ်ပါဘူး" ဟု ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆန်ဈေးနှုန်းမှာ ဧပြီ ၂၄ ရက်တွင် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ မှ ကျပ် ၁၀၁၀၀၀၊ ဧရာမင်းအုပ်စုဝင် မဂျမ်းတော၊ ဝန်ကြီးဆန်တို့မှာ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၃၀၀၀၊ သုခဆန်နှင့် ဖန်သီးသစ်တို့မှာ တစ်အိတ်လျှင် ကျပ် ၆၂၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ပေါ်ဆန်းဆန်များမှာ သင်္ကြန်မတိုင်ခင်ကဈေးထက် ကျပ် ၈၀၀၀ မှ ကျပ် ၁၀၀၀၀ ဝန်းကျင်အထိလည်းကောင်း၊ ဧရာမင်း အုပ်စုဝင်ဆန်များမှာ ကျပ် ၅၀၀၀ မှ ၇၀၀၀ ဝန်းကျင်အထိလည်းကောင်း၊ သုခဆန်ကဲ့သို့ အနိမ့်ဆန်များမှာ ကျပ် ၃၀၀၀ မှ ၅၀၀၀ ဝန်းကျင်အထိ အသီးသီးမြင့်တက်လာခြင်းဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးရှိ ဆန်ကုန်သည်တစ်ဦးထံမှသိရသည်။

ယခုနှစ် မိုးစပါး၊ နွေစပါးစိုက်ရာသီအပြီး ဆန်စပါးဈေးမှာ ဈေးကောင်းလျက်ရှိပြီး နွေစပါးပေါ်ချိန်တွင်လည်း ဆန်စပါးဈေး ထပ်မံမြင့်တက်လာကာ သင်္ကြန်အပြီး

ဧပြီလကုန်ဝန်းကျင်တွင် အနိမ့်ဆုံးစပါးဈေး တင်း ၁၀၀ လျှင် ၁၆ သိန်းကျော်နှင့် အမြင့်ဆုံးစပါးဈေး ၂၉ သိန်းနှင့် သိန်း ၃၀ ဝန်းကျင်အထိ မြင့်တက်လာခဲ့ကြောင်းသိရသည်။ ထိုသို့ ဆန်စပါးဈေးကောင်းနေသော်လည်း နွေစပါးစိုက်တောင်သူများ အတွက် အကျိုးအမြတ်ရရှိမှု နည်းပါးနေသေးကြောင်း တောင်သူများထံမှသိရသည်။

ပဲခူးတိုင်းဒေသကြီးမှ နွေစပါးစိုက်တောင်သူတစ်ဦးက "စပါးဈေးကလည်း ကောင်းပေးမှပဲ လယ်သမားက အသက်ရှူချောင်မှာပေါ့။ ဘာလို့ဆိုတော့ သွင်းအားစု မြေဆီတွေကပဲ တစ်အိတ်ကို တစ်သိန်းကျော်တွေအထိ ဖြစ်နေတာကိုး။ သွင်းအားစုဆိုတာကလည်း အနည်းဆုံး လယ်တစ်ဧကစာကို လေးအိတ် ငါးအိတ်လောက်သုံးရတာလေ။ နောက်ပြီးတော့ ဒီဇယ်ဈေးကလည်း တက်နေတော့ ခြွေရိတ်သိမ်းတွေ ဘာတွေမှာလည်း စရိတ်ကထောက်တာပေါ့။ စရိတ်ကြီးသွားတာပေါ့။ ဒီတော့ လယ်သမားတစ်ယောက်က နွေစပါးစိုက်ရင် တစ်ဧက စိုက်စရိတ်အရင်းတင် ၁၀ သိန်း နီးပါးလောက်ရှိတယ်။ အထွက်ကလည်း ဆုတ်တာကိုး။ အထွက်ကလည်းဆုတ်တော့ ရက် ၉၀ စပါးမျိုးတို့ဘာတို့ဆိုရင် တစ်ဧကကို တင်း ၆၀ လောက်ပဲထွက်တာကိုး။ အဲဒီရက် ၉၀ စပါးဈေးက တင်း ၁၀၀ ကို ၁၆ သိန်းပဲထားဦး။ တစ်ဧကကို တင်း ၆၀ လောက်ပဲ ထွက်တော့ ၆၀ ရာခိုင်နှုန်းပေါ့။ ကိုးသိန်းခွဲကျော် ၁၀ သိန်း နားလောက်ပဲရကြတာကိုး။ နွေစပါးက ခုနက ကျွန်တော်ပြောသလို သွင်းအားစုဘာညာ၊ ဒီဇယ်ဆီဖိုးတွေနဲ့ တစ်ဧက ၁၀ သိန်းလောက် ကုန်နေတဲ့အချိန်မှာ တစ်ဧကကို တင်း ၆၀ လောက်ပဲ ထွက်တဲ့တောင်သူက သေပြီလေ။ တစ်ဧက တင်း ၁၀၀ ဝန်းကျင်လောက်ကိုထွက်ဦးမှ သူက နွေစပါးတစ်ရာသီစာကို ငါးသိန်း ခြောက်သိန်းလောက်ပဲ အကျိုးအမြတ်ရှိတာပါ။ ဒါက တစ်ဧက အထွက်နှုန်း ကောင်းဦးမှကျန်တာနော်။ အခုစပါးတွေက အထွက်နှုန်းတွေကျတော့ သိပ်ကျန်လှတယ်မဟုတ်ဘူးပေါ့။ အဲဒီဈေးထက်ကို အောက်ရောက်သွားရင်တော့ လယ်သမား တွေလည်းသေပြီ။ ပက်လက်လန်ပြီ။ အခုလောက် စပါးဈေးဖြစ်မှပဲ လယ်သမားက အသက်ရှူချောင်မှာလေ" ဟု ပြောကြား သည်။

ယခုနှစ်နွေစပါးစိုက်ရာသီတွင် အချို့တောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးပြီးသော်လည်း ရေတင်စရိတ်၊ သွင်းအားစု စရိတ်များ မတတ်နိုင်သဖြင့် ဆက်မလုပ်နိုင်ဘဲ လက်လွှတ်ရသည်များရှိကြောင်း၊ တချို့တောင်သူများမှာလည်း သွင်းအားစု ပြည့်ပြည့်ဝဝ မထည့်သွင်းနိုင်ဘဲ နိုင်သလောက်သာ ထည့်သွင်းကြသဖြင့် စပါးအထွက်နှုန်း ကျဆင်းခြင်းများရှိကြောင်း၊ အထွေထွေကုန်ကျစရိတ်များအပြင် ခရုကိုက်ခြင်း၊ စပါးဖျက်ပိုးများ ကျရောက်ခြင်းတို့ကြောင့် နွေစပါးများထိခိုက်၍ စပါးအထွက်နှုန်း ကျဆင်းခြင်းများရှိကြောင်း၊ နွေစပါး စိုက်ပျိုးစရိတ်မှာ ကုန်ကျစရိတ်များပြားပြီး လုပ်ငန်းအဆင့် များပြားသဖြင့် မိုးစပါးစိုက်တောင်သူများ၏ ထက်ဝက်ခန့်သာ နွေစပါးစိုက်ပျိုးကြကြောင်း၊ ယခုကာလ နွေစပါးတစ်ဧက စိုက်ပျိုးလျှင် မျိုးဖိုးမှစ၍ ရိတ်သိမ်းခြွေလှေ့ပြီးသည်အထိ တစ်ဧကစိုက်ပျိုးကုန်ကျစရိတ်မှာ ကျပ်ရှစ်သိန်းဝန်းကျင်မှ ကျပ် ၁၀ သိန်း ဝန်းကျင်အထိကုန်ကျကြောင်း နွေစပါးစိုက်ပျိုးကြသော တောင်သူများပြောကြားချက်အရ သိရသည်။

**Source:** https://news-eleven.com/article/247317

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၅ ရက်မှ ၂၁ ရက်နေ့များအတွင်း တင်ပို့ခဲ့သောပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၈၂၃၈၃၃၉.၀၄ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၆၄၇၉၉၄.၆၀ ကန်ဒေါ်လာ တင်သွင်းမှု ရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဖရဲသီး၊ နှမ်းညို၊ နှမ်းနက်၊ ဆန်ကွဲနှင့် ရွှေဖရုံသီးများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၁၀၉၇၀၉၆.၀၄ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၇၁၄၁၂၄၃.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံး သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ကုန်ထုတ်စက်ကူများ၊ စက်နှင့်စက်ပစ္စည်းများ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သော ပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ ရော်ဘာကုန်ကြမ်းပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ၊ သံပိုက်၊ ကားတာယာနှင့် မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၅၁၃၆၉၉.၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၄၉၆၆၂၅.၆၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၂၉ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၃.၉၅ ကျပ် ရှိကြောင်းသိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုန်ဌာန**

## ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းမှာ အာဆီယံတွင် ဒုတိယနေရာသို့ ရောက်ရှိနိုင်ကြောင်းခန့်မှန်း

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ကိန်းဂဏန်းများအရ ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၂၃ ခုနှစ်တွင် ၅.၈ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ပြီး ဖိလစ်ပိုင်နိုင်ငံပြီးပါက ဒေသတွင်း ဒုတိယနေရာတွင် ရပ်တည်နေသော ကမ္ဘောဒီးယားနိုင်ငံ၏နေရာသို့ ရောက်ရှိနိုင်ကြောင်းခန့်မှန်းရရှိပါသည်။

အထူးသဖြင့် ပြည်သူ့ကြွေးမြီစာရင်းမှာ အခြားအာဆီယံအဖွဲ့ဝင် (၈) နိုင်ငံနှင့် နှိုင်းယှဉ်မည်ဆိုပါက အနိမ့်ဆုံးတွင် ရပ်တည်နေနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၆.၈ ရာခိုင်နှုန်းသို့ရောက်ရှိပြီး အရှေ့တောင်အာရှတွင် အမြင့်ဆုံးသို့ရောက်ရှိနိုင်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ ခန့်မှန်းထားရှိပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၂၄ ခုနှစ်တွင် ၆.၈ရာခိုင်နှုန်း ထိ ထပ်မံတိုးမြင့်နိုင်ပြီး အရှေ့တောင်အာရှတွင် အမြင့်ဆုံးသို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းရရှိပါသည်။ ထို့ပြင် ပြည်သူ့ကြွေးမြီ စာရင်းမှာ ၂၀၂၆ ခုနှစ်တွင် ဂျီဒီပီ၏ ၄၇.၅ ရာခိုင်နှုန်း ရှိရာမှ ၂၀၂၈ ခုနှစ်တွင် ၃၁.၃ရာခိုင်နှုန်းထိ ကျဆင်းသွားနိုင်ပြီး ဂျီဒီပီတွင် ပြည်သူ့ကြွေးမြီစာရင်းပါဝင်မှုရာခိုင်နှုန်းမှာ ၂၀၂၈ တွင် ဆယ်စုနှစ် ၂ ခု အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိနိုင်ကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် ၅ ရာခိုင်နှုန်း နှင့် ၃ ရာခိုင်နှုန်း အသီးသီးရှိနိုင်ကြောင်း ဖော်ပြပါရှိပါသည်။

ချေးငွေအဖွဲ့အစည်းများမှ ၎င်းတို့၏ ချေးငွေအတိုးနှုန်းများအား လျှော့ချနိုင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဗီယက်နမ်ဗဟိုဘဏ်သည် အတိုးနှုန်းအားလျှော့ချခဲ့ကြောင်း ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Dao Minh Tu မှ ပြောကြားခဲ့ပါသည်။ အပ်ငွေအပေါ်အတိုးနှုန်းမှာ တစ်နှစ်အတွက် ၇ ရာခိုင်နှုန်းနှင့် ချေးငွေအပေါ်အတိုးနှုန်းမှာ ၁၀ ရာခိုင်နှုန်း ရှိနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များမှ ခန့်မှန်းထားပါသည်။

၂၀၂၃ ခုနှစ်အတွင်း ငွေကြေးမူဝါဒအား ဖြေလျှော့ပေးရန်ရှိကြောင်းနှင့် ဒုတိယ ၆ လပတ်တွင် အတိုးနှုန်းအား အနိမ့်ဆုံး ၅၀ ပွိုင့် အထိ ဆက်လက်လျှော့ချသွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်မှ ပြောကြားခဲ့ပါသည်။

၂၀၂၂ အတွင်း အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းဆက်တက်မြင့်တက်ခဲ့မှု အကျိုးဆက်အနေဖြင့် နှစ်ပေါင်း ၂၀ အတွင်း အမေရိကန်ဒေါ်လာမြင့်တက်ခဲ့ကြောင်း Bao Viet ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်က ၎င်း၏အမြင်အား ပြောကြားခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီသည် ၂၀၂၂ ခုနှစ် နောက်ဆုံး ၃ လပတ်တွင် ၅.၉၂ ရာခိုင်နှုန်းရှိရာမှ ၂၀၂၃ ခုနှစ် ပထမ ၃ လပတ်တွင် ၃.၃၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားခြင်းအတွက် ဗီယက်နမ်ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းချက်ချင်းလျှော့ချခြင်းအပါအဝင် အခြားမူဝါဒများဖြေလျှော့ပေးခြင်းကိုလည်း လုပ်ဆောင်သင့်ကြောင်း United Oversea Bank (UOB) ဘဏ်မှ အကြံပြုပြောကြားခဲ့ကြောင်း ဖော်ပြပါရှိပါသည်။

**(စီးပွားရေးသံမှူး၊ မနီလာမြို့)**

**Source:** https://www.pna.gov.ph/articles/1199889

https://myantrade.gov.mm/article/Naypyitawstp_250420231242

## ကမ္ဘာနှင့်မြန်မာ့အဓိကဆန်ဝယ်လက် ဖိလစ်ပိုင် ၂၀၂၇ တွင် ပြည်တွင်းဆန်ဖူလုံရန် ရည်မှန်း

ကမ္ဘာ့ဆန်ဝယ်ယူမှု ဒုတိယအများဆုံးအဖြစ် ပထမနေရာက တရုတ်နောက်မှာ ရပ်တည်နေသလို မြန်မာနိုင်ငံအတွက်လည်း အဓိကဆန်ဝယ်လက်ဖြစ်နေတဲ့ ဖိလစ်ပိုင်နိုင်ငံဟာ ၂၀၂၇ ခုနှစ်အရောက်မှာ ပြည်တွင်းဆန်ဖူလုံမှု အပြည့်အဝရရှိဖို့ ရည်မှန်းထားကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက အင်္ဂါနေ့မှာ ထုတ်ပြန်လိုက်ပါတယ်။

ဖိလစ်ပိုင်ရဲ့ ယခင်အစိုးရအဆက်ဆက် လက်ထက်မှာလည်း ပြည်တွင်းဆန်ဖူလုံမှုရရှိရေး ချိန်ရွယ်ခဲ့ကြပေမဲ့ မူဝါဒလွဲမှားမှုတွေ၊ မိုးလေဝသကြောင့် ဆန်ထုတ်လုပ်မှုကျဆင်းခဲ့တာတွေကြောင့် ရည်မှန်းချက်တော့ မပြည့်မီဖြစ်ခဲ့ရပါတယ်။ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံ ဖိလစ်ပိုင်ဟာ လက်ရှိမှာ နှစ်စဉ်ဆန်တန်ချိန် သုံးသန်းကျော်တင်သွင်းပြီး ပြည်တွင်းဆန်ရောင်းအားပြည့်မီအောင်နဲ့ ဆန်ဈေးတည်ငြိမ်စေအောင် လုပ်ဆောင်နေရပါတယ်။ အဓိက အားဖြင့်တော့ ဗီယက်နမ်ဆီက ဆန်ဝယ်ယူနေတာပါ။

အသစ်ပြင်ဆင်မွမ်းမံလိုက်တဲ့ ငါးနှစ်စီမံကိန်းထဲမှာ ဖိလစ်ပိုင်သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာရဲ့ အစိုးရအဖွဲ့က ဆန်အထွက်မြှင့်တင်ရေး "အဓိကမဟာဗျူဟာတွေ" ကို ရေးဆွဲဖော်ထုတ်ထားပြီး အဲဒီဗျူဟာတွေထဲမှာ ဖောက်ပြန်တဲ့ ရာသီဥတုနဲ့ လိုက်လျောညီထွေဖြစ်စေရေးနဲ့ ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှုတို့ ပါဝင်ကြောင်းသိရပါတယ်။

စိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၂၇ ခုနှစ်မှာ တနည်းအားဖြင့် မားကို့စ်ရဲ့ သမ္မတသက်တမ်းခြောက်နှစ်ပြည့်ဖို့ တစ်နှစ်အလိုမှာ ပြည်တွင်းဆန်ဖူလုံမှု အပြည့်အဝရရှိအောင်လုပ်ဆောင်ဖို့ မျှော်မှန်းထားကြောင်းသိရပါတယ်။ လက်ရှိမှာ သမ္မတမားကို့စ်ကိုယ်တိုင် စိုက်ပျိုးရေးအတွင်းဝန်တာဝန်ကို ရယူထားတာဖြစ်ပါတယ်။

စီမံကိန်းကာလအတွင်း နှစ်စဉ်ပြည်တွင်းဆန်ထုတ်မှုဟာ တန်ချိန် ၂၄ ဒသမ ၉၉ သန်းနဲ့ တန်ချိန် ၂၆ ဒသမ ၈၆ သန်းကြားတည်ငြိမ်စွာရှိနေလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ စီမံကိန်းမှာ နှစ်စဉ်ဆန်ဈေးတက်နှုန်း တစ်ရာခိုင်နှုန်းအောက်မှာ ကန့်သတ်ထားရှိရေး၊ တောင်သူဝင်ငွေ ၅၄ ရာခိုင်နှုန်း တိုးတက်ရေးနဲ့ အရန်ဆန်အလုံအလောက်ထားရှိနိုင်ရေးတို့ ပါဝင်ပါတယ်။

လက်ရှိပြည်တွင်းဆန် ရောင်းလိုအားဟာ လုံလောက်နေပြီး အယ်နီညိုကြောင့်ဖြစ်ပေါ်လာမယ့် သီးနှံထုတ်လုပ်မှု စိုးရိမ်သောကတွေကို ဖြေဖျောက်ပေးနိုင်လိမ့်မယ် ဆိုပါတယ်။

ဖိလစ်ပိုင်မှာ ကုန်ဈေးနှုန်းမြင့်တက်အောင် စားသောက်ကုန်ဈေးက အဓိက တွန်းအားပေးနေတာကြောင့် အစိုးရဟာ အထူးသဖြင့် ဆန်ရောင်းအားကို မထိခိုက်စေဖို့ ကြိုးစားနေပါတယ်။

ပြည်ပကနေ ကောက်ပဲသီးနှံတင်သွင်းနေတဲ့ ဖိလစ်ပိုင်စားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ကတော့ နိုင်ငံအရန်ဆန်လိုအပ်ချက်ဖြစ်ပေါ်လာနိုင်တာကို အစားဖြည့်ပေးနိုင်ဖို့အတွက် ဆန်တန်ချိန် ၃၃၀၀၀၀ တင်သွင်းရေး အဆိုပြုထားပါတယ်။ သမ္မတမားကို့စ်အနေနဲ့ ဒီအဆိုပြုချက်ကို ခွင့်ပြုမပြု မဆုံးဖြတ်ရသေးကြောင်း သိရပါတယ်။

ဖိလစ်ပိုင်ဟာ အခုနောက်ပိုင်း မြန်မာနိုင်ငံရဲ့ အဓိကဆန်ဝယ်လက်နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်သလို ပြီးခဲ့တဲ့ မတ်လမှာတုန်းကတော့ မြန်မာ့ဆန်တင်ပို့ရာ အများဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါတယ်။

**Source:** Major rice buyer Philippines targets self-sufficiency by 2027 – Reuters

https://greenwaymyanmar.com/posts/Philippines_targets_rice_self_sufficiency

## ထိုင်းနိုင်ငံနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်သွားမည်

ထိုင်းနိုင်ငံသည် အမေရိကန်နှင့်ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိသော ၎င်း၏ပို့ကုန်များ နေးကွေးလာသဖြင့် ထုတ်ကုန်များအတွက် အလားအလာကောင်းသော ဈေးကွက်အသစ်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံသို့ ဈေးကွက်ချဲ့ထွင်သွားမည်ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အရှေ့အလယ်ပိုင်း၏ ဝင်ပေါက်တစ်ခုဖြစ်ပြီး ဈေးကွက်အလားအလာအကောင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ယခင်နှစ်က ထိုင်းနိုင်ငံ၊ Joint Standing Committee on Commerce, Industry and Banking (JSCCIB) နှင့် ဆော်ဒီအာရေဗျနိုင်ငံ၊ Chamber of Commerce တို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံဖက်မှ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား ၎င်းတို့

နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံစေလိုကြောင်း ထိုင်းစက်မှုလက်မှုအသင်းချုပ် (the Federation of Thai Industries –FTI) က ပြောကြားခဲ့ပါသည်။

FTI က ၎င်းတို့အနေဖြင့် ကုန်သွယ်မှု အကျိုးအမြတ်များ၊ အလုပ်အကိုင်နှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် “Vision 2030” ၏ ဆွဲဆောင်မှုအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံ တန်ဖိုးရှိသော mega-city Neom တည်ရှိသည့် ဆော်ဒီအာရေဗျ နိုင်ငံသည် ကောင်းမွန်ပါကြောင်းဆိုပါသည်။

Neom သည် ဆော်ဒီအာရေဗျနိုင်ငံ Tabuk ပြည်နယ်၏ အနောက်မြောက် ပင်လယ်နီကမ်းရိုးတန်းပေါ်တွင် တည်ရှိပြီး ဆော်ဒီအာရေဗျနိုင်ငံအစိုးရက လောင်စာဆီအပေါ် မှီခိုမှုနည်းပါးပြီး မတူညီသော စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရေး အတွက် ရည်ရွယ်တည်ထောင်ထားသော smart city တစ်ခုဖြစ်ပါသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ထိုင်းနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ အစားအစာများ၊ မော်တော်ကားများနှင့် မော်တော်ကား အစိတ်အပိုင်းများကို စိတ်ဝင်စားလျက်ရှိကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံသည် လူဦးရေ ၃၆ သန်း ရှိပြီး GDP တိုးတက်မှုနှုန်းမှာ G20 နိုင်ငံများတွင် အမြင့်ဆုံးအဆင့်တွင်ရှိကြောင်း FTI က ဆိုပါသည်။

ဆော်ဒီအာရေဗျရင်းနှီးမြှုပ်နှံသူများသည် ထိုင်းနိုင်ငံ၏ အရှေ့ဘက်ပင်လယ်ပြင်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ပြေးစီမံချက်တစ်ခုဖြစ်သည့် Eastern Economic Corridor (EEC) တွင် စွမ်းအင်ကဏ္ဍအပါအဝင် စီးပွားရေးလုပ်ငန်း အမျိုးအပြားတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြပြီး ယခင်နှစ်က Chon Buri၊ Rayong နှင့် Chachoengsao တို့ရှိ ဇုန်များနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များရရှိရန် ဆော်ဒီ Chamber of Commerce မှ တာဝန်ရှိသူများ လာရောက် ခဲ့ကြောင်း FTI က ဖြည့်စွက်ပြောကြားခဲ့ပါသည်။

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

**Source:** www.bangkok.com

https://myantrade.gov.mm/article/Naypyitawstp_260420230934

## ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စိုက်ပျိုးမြေဆီလွှာ စစ်ဆေးပြုပြင်ရန် ဂျာမဏီက နည်းပညာအကူအညီရရှိမည်ဟု စိုက်ပျိုးရေးဝန်ကြီး ပြောကြား

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီး ဒေါက်တာAbdurRazzaque က ဂျာမန်စီးပွားရေးလုပ်ငန်းရှင်များသည် စိုက်ပျိုး ထုတ်လုပ်မှုမြှင့်တင်ရန် ဗြိုလ်တုနည်းပညာဖြင့် မြေဆီလွှာအရည်အသွေးစစ်ဆေးပြုပြင်ခြင်း ပြုလုပ်နိုင်ရေး ဘင်္ဂလားဒေ့ရှ်ကို ကူညီပေးမည်ဖြစ်ကြောင်း ပြောကြားထားသည်ကို Dhaka Tribune သတင်းတွင် ရေးသားဖော်ပြထားသည်။

ဂျာမနီနိုင်ငံ၊ဘာလင်မြို့၌ စိုက်ပျိုးရေးမဟာမိတ်အဖွဲ့နှင့် ထိပ်တန်းစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီးနောက် စိုက်ပျိုးရေးဝန်ကြီးဒေါက်တာAbdurRazzaqueက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

စိုက်ပျိုးရေးဝန်ကြီးက အဆိုပါအစည်းအဝေးတွင် ပိုမိုကောင်းမွန်သော လူနေမှုဘဝထူထောင်ရေး၊ ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေး အလေ့အကျင့်ကောင်း (GAP) အကောင်အထည်ဖော်ရေးနှင့် လယ်ယာထွက်ကုန်များ ပံ့ပိုးကူညီရေး စသည့်ကိစ္စရပ် များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ရှေ့ပြေးအစီအစဉ်များကို မကြာမီဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းကပြောကြားထားသည်ဟု ရေးသားဖော်ပြထားသည်။

**Source:** https://www.dhakatribune.com/longform

https://www.commerce.gov.mm/my/article/border-trade-news-update-news-international-trade-update-news-border-area-trade-11

# STOCK EXCHANGE (26.4.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 26th Apr. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,919 (Shares) | 12,983,750 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 565 | 4,520,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 2,301 | 6,903,050 | 38,929,150 | 118,734 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 0 | 0 | 10,400,986 | 79,048 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,400 | 1,023 | 1,483,300 | 29,664,613 | 43,014 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 1 | 2,550 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,550 | 29 | 74,850 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 26th Apr. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.20 | +0.00 | +0.00% | 363.10 | 364.20 | 361.69 | 3,919 | 12,983,750 | 7 | 641,752 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 26th Apr. 2023

| Trading Volume | Trading Value |
|---|---|
| 3,919 (Shares) | 12,983,750 (MMK) |

### Main Board

As of 1:00 pm, 26th Apr. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,919 (Shares) | 12,983,750 (MMK) |

| MYANPIX | 364.20 ▲ 0.00 |
|---|---|
| Total Volume (shares) | 3,919 |
| Total Value (MMK) | 13 mil |
| Listed Company | 7 |
| Market Cap. (MMK) | 641,752 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |